လယ်ကျင်းကျေးရွာ

တောင်ကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ကျင်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
လယ်ကျင်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
လယ်ကျင်း ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂
(င) ကျန်းမာရေးနှင့် အာဟာရ ၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၃
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၃
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၅
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၅
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၅
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၈
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၁
(ဂ) ဦးစားပေး စီမံချက်များ ၂၂
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၅
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၆
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၆
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၁
ရည်ညွှန်းချက်များ ၃၂
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၅
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လယ်ကျင်းကျေးရွာ
တောင်ကုန်း ကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်



လယ်ကျင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း-လယ်ကျင်းကျေးရွာအရင်းအမြစ်ပြမြေပုံ-လယ်ကျင်းကျေးရွာ၊တောင်ကုန်း ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	😐😐	☹	😊😊	😊😊	😊😊	😐😐	😐😐	😐😐	😐😐	😐😐	😊😊	😊😊
	အစာငုံ	မရှိပါ	မျောက်ဖွဲ့ပါ	မျောက်ဖွဲ့ပါ	မျောက်ဖွဲ့ပါ	အစာငုံ	အစာငုံ	အစာငုံ	အစာငုံ	အစာငုံ	မျောက်ဖွဲ့	မျောက်ဖွဲ့
												
			ယျိုးဆော	စပါး	စပါး	ဂျုံဖြူး	ပဲမှုံ့ညင်း	ဝဂ်ဖတ်ချိုး	ပြောင်း	ဖြေပဲ	ကြာကာဆွန်	
	အစာငုံ	အစာငုံ	အစာငုံ	အစာငုံ	အစာငုံ	အစာငုံ	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀
	အစာငုံ	အစာငုံ	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀	ပြည့်၀
	ငါးနဲ့ဂွမ်းဖျာ ငှက်ပျော			ငှက်ပျော	ငှက်ပျော							
သီးနှံပိုးမွှားရောဂါ ကျရောက်မှု												
												
သဘာဝ ဘေးအန္တရာယ်												

၅

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ လယ်ကျင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်ဝန်းသို-ဗန်းမောက်နယ်စပ်တွင် တည်ရှိပါသည်။ ဝန်းသိုမြို့မှ(၂၅)မိုင်ကွာဝေးပြီး ကျေးရွာ၏အရှေ့ဘက် တွင် တောင်ကုန်းတောင်တန်းများ၊ တောင်ဘက်တွင် ပန်းညိုကျေးရွာ၊ မြောက်ဘက်တွင်တောင်ကုန်းကျေးရွာနှင့် အနောက်ဘက်တွင် ရာဘာစိုက်ခင်းများရှိပါသည်။ တောတောင်ထူထပ်သော ဒေသဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ ကျေးရွာနှင့် အနီးတဝိုက်တွင် ရွှေအနည်းငယ်ထွက်ရှိသော်လည်း အသုံးချရန် ခက်ခဲလှပါသည်။ ရွှေတူးသူအနည်းငယ်ရှိသော်လည်း အဖမ်းအဆီးများသောကြောင့် အသုံးချနိုင်ရန် ခက်ခဲလှပါသည်။ ကျောက်သဲကျောက်စရစ်အနည်းငယ်ရှိသော်လည်း ချောက်ထဲသို့ဆင်းရခြင်း တောင်ကုန်းတောင်တန်းများကို ဖြတ်ကျော်သယ်ယူရခြင်းတို့ကြောင့် ခက်ခဲလှပါသည်။ သဘာဝဆေးဖက်ဝင် အပင်များ အသင့်အတင့်ရှိပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များတွင် ငှက်မျိုးစုံ၊ ယုန်၊ ဂျို ၊ မြွေဟောက် ၊ ငန်းပုတ်မြွေ၊ ကုန်းလိပ်၊ ရှဉ့်စသဖြင့် အသင့်အတင့် တွေ့ရှိရပါသည်။ ဆေးဖက်ဝင်အပင်များတွင် ဝံအူမြစ် ဆေးခါးကြီးပင် မြောက်လက်ခေါက်ပင် တို့တွေ့ရှိရပါသည်။

လယ်ယာမြေ ၁၅၈ ဧကရှိပါသည်။ ယာမြေဧက ၈၀ နှင့် ဥယျာဉ်ခြံမြေ ၂ ခုရှိပါသည်။ နှစ်စဉ်မိုးခေါင်ရေရှားခြင်းကြောင့် အချိန်မီ မစိုက်ပျိုးရပါ။ စပါးအထွက်နည်းပြီး စားဝတ်နေရေးအခက်တွေ့နေရပါသည်။ လယ်မြေများသည်သဲဆန်သောမြေနှင့် နွံနုံးမြေဟူ၍ နှစ်မျိုးတွေ့ရှိရပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင်အိမ်ထောင်စုပေါင်း ၇၄ အိမ်ရှိပါသည်။ တစ်နှစ်အောက်ကလေးငယ် ၃၈ ယောက် ၅နှစ်အောက်ကလေးငယ်၄၅ ယောက် ၉ နှစ်အောက် ၅၀ ယောက် ၁၄နှစ်အောက် ၅၅ယောက် ၁၅ နှစ် မှ ၆၄ နှစ် အလုပ်လုပ်နိုင်သူ ၄၅၀ ယောက် ၆၅နှစ်နှင့်အထက် သက်ကြီး ရွယ်အို ၂၂ ယောက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်သော အိမ်ထောင်စုမှာ ၅၁ အိမ်ရှိပြီး လုပ်ကိုင်သူဦးရေမှာ ၂၀၀ ရှိပါသည်။ ရာသီအလိုက်ကျပန်းလုပ်ကိုင်သူဦးရေမှာ ၉ စုရှိပါသည်။ နေစဉ်အလုပ်မရှိခြင်းကြောင့် ပုံမှန်ဝင်ငွေမရရှိပါ။ ဆောက်လုပ်ရေး လက်သမား ပန်းရံလုပ်ငန်းများမှလည်း ကျောင်း ၅၀၀၀ မ ၃၀၀၀ တို့ဖြင့် လုပ်ကိုင်ကြရပါသည်။ ရွာတွင်မိုးရာသီမှ စ၍ ကောက်စိုက် ပျိုးနုတ် စပါးရိတ် စသည်တို့အပြင် လက်သမား ပန်းရံလုပ်ငန်း လောက်သာရှိပါသည်။ လက်သမားပန်းရံလုပ်ငန်းသည်လည်း

တွင်တွင်ကျယ်ကျယ် အလုပ်မဖြစ်လှပေ။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း မရှိသလောက် ရှားပါလှပါသည်။

ကျေးရွာတွင်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ လယ်ယာမြေရှိသော်လည်း လစဉ်ဝင်ငွေ မရှိပါ။ မပြေလည်သောအိမ်ထောင်စုတွင် နေ့စဉ် အလုပ်မရှိသောကြောင့် စားဝတ်နေရေးအတွက် အဆင်မပြေပါ။ အလွန်အဆင်မပြေသောအိမ်ထောင်စုများမှာ ကျပန်းအလုပ်များ လုပ်ကိုင် စားသောက်ရသော်လည်း အလုပ်ရှားပါးမှုကြောင့် အခက်ကြုံတွေ့နေရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ကျေးရွာတွင် ၃ လနှင့် ၆ လကြားဝမ်းစာဖူလုံမှု ၅ အိမ်ရှိပြီ အထောက်အပံ့ယူခြင်း ၊ ချေးယူခြင်း လုပ်အားခကြိုယူခြင်းတို့ဖြင့် ဝမ်းစာကို ဖြေရှင်းနေကြရပါသည်။ ၆ လနှင့် ၁၂ လကြား ဝမ်းစာဖူလုံမှု တွင်လည်း ၆ အိမ်ရှိပြီး အထောက်အပံ့ယူခြင်း ၊ ချေးယူခြင်း လုပ်အားခကြိုယူခြင်းတို့ဖြင့် ဝမ်းစာကို ဖြေရှင်းနေကြရပါသည်။

ကျေးရွာတွင် စိုက်ပျိုးခင်းများ မိုးခေါင်ရေရှားခြင်းကြောင့် စိုက်ပျိုးရေ မလုံလောက်မှုများရှိပါသည်။ ငှက်ဖျားရောဂါများဖြစ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရာတွင် ကူးစက်ရောဂါများကျရောက်မှုရှိခြင်းတို့ကြောင့် အသိပညာပေးသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျေးရွာတွင် နမ်းခမ်းအထိ လမ်းပမ်း ဆက်သွယ်ရေးမှာလည်း မကောင်းသဖြင့် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် ထိခိုက်လွယ်မှုမရှိကြပါ။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများလည်းမရှိကြပါ။ ကျေးရွာတွင် မြေယာမဲ့တောင်သူများ ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းမရှိခြင်း အသက်မွေးဝမ်းကျောင်း အတတ်ပညာမရှိခြင်းတို့ကြောင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူများအနေဖြင့် ထိခိုက်သက်ရောက်မှုများသည်ကို လေ့လာ တွေ့ရှိရပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် မူလွန်စာသင်ကျောင်းရှိပြီး မူလတန်းမှ ၇ တန်းအထိပညာသင်ယူနိုင်သဖြင့် မူလတန်းကျောင်း ထွက်နှုန်းမရှိပါ။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာတွင် ရာသီအလိုက် ဝမ်းပျက်ဝမ်းလျောရောဂါ သွေးလွန်တုပ်ကွေးရောဂါ နှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ရွာတွင်းရှိ ကလေးသူငယ်များကို လစဉ် ကာကွယ်ဆေးထိုးပေးခြင်း ဆေးတိုက်ကျွေးခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမရှိခြင်းကြောင့် ၁ မိုင်ခန့်ကွာဝေးသည့် တောင်ကုန်းကျေးရွာ ကျန်းမာရေးဌာနသို့သွားရောက်ကုသရပါသည်။ တိုက်နယ်ဆေးရုံသည် ၅မိုင်မှ ၇ မိုင်ခန့်ကွာဝေးသော နမ်းခမ်းတွင် တည်ရှိသော်လည်း သွားလာရခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျေးရွာအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု ရှိခြင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ အမျိုးသမီးများသည် ရွာ၏ သာရေးနာရေးများတွင် ထမင်းဟင်းများချက်ပြုတ်ခြင်း သုံးရေ သောက်ရေများခပ်ခြင်း ကျွေးမွေးဧည့်ခံခြင်းများ ညီညွတ်စွာပါဝင်ဆောင်ရွက်ကြပါသည်။ ရွာရှိလူငယ်လူရွယ် လူပျိုကာလသားများသည် ရပ်ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ရပ်ရွာ၏ သာရေးနာရေးများတွင် မဏ္ဍာပ်များ ဆောက်ခြင်း စားပွဲ ကုလားထိုင်များသယ်ခြင်း၊ ရေနွေးတည် လက်ဖက်ရည်ကြမ်းလိုက်ခြင်း စသောလိုအပ်သည့် နေရာများတွင် ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုမရှိပါ။ အမျိုးသမီးများအကြမ်းဖက်မှုတွင် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု အသိအမြင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် နေ့စဉ်အလုပ်မရှိခြင်းကြောင့် ပုံမှန်ဝင်ငွေမရရှိပါ။ ဆောက်လုပ်ရေး လက်သမား ပန်းရံလုပ်ငန်းများမှလည်း ကျောင်း ၅၀၀၀ မ ၃၀၀၀ တို့ဖြင့် လုပ်ကိုင်ကြရပါသည်။ ရွာတွင်မိုးရာသီမှ စ၍ ကောက်စိုက် ပျိုးနုတ် စပါးရိတ် စသည်တို့အပြင် လက်သမား ပန်းရံလုပ်ငန်း လောက်သာရှိပါသည်။ လက်သမားပန်းရံလုပ်ငန်းသည်လည်း တွင်တွင်ကျယ်ကျယ် အလုပ်မဖြစ်လှပေ။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းမရှိသလောက်ရှားပါလှပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျေးရွာရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ကျောင်းကော်မတီ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့။ အမျိုးသမီးအဖွဲ့တို့ရှိကြပါသည်။ ကျေးရွာတွင်း လူထုအခြေပြုအဖွဲ့အစည်းများရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးရေး ၊ မွေးမြူရေး၊ လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် လယ်ယာမြေ ၁၅၈ ဧကရှိပါသည်။ ယာမြေဧက ၈၀ နှင့် ဥယျာဉ်ခြံမြေ ၂ ခုရှိပါသည်။ နှစ်စဉ်မိုးခေါင်ရေရှားခြင်းကြောင့် အချိန်မီ မစိုက်ပျိုးရပါ။ စပါးအထွက်နည်းပြီး စားဝတ်နေရေးအခက်တွေ့နေရပါသည်။ လယ်မြေများသည် သဲဆန်သောမြေနှင့် နှုန်းမြေဟူ၍ နှစ်မျိုး တွေ့ရှိရပါသည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု ၉ အိမ်ရှိပါသည်။ တောင်သူငယ် ၂၅ အိမ်နှင့် တောင်သူလတ် ၂၃ အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ အဓိကသီးနှံမှာ စပါးဖြစ်ပြီး မိုးရွာမှ စိုက်ရခြင်းကြောင့် အချိန်မီ မစိုက်ပျိုးနိုင်ခြင်း ၊ စိုက်ပျိုးရေမလုံလောက်ခြင်း၊ မြေဆီမြေဩဇာမကောင်းခြင်းတို့ကြောင့် တစ်ဧကလျှင် အနည်းဆုံး ၃၀ မှ အများဆုံး ၄၀ အထိထွက်ရှိပြီး ပျမ်းမျှ ၃၀ လောက်သာ ထွက်ရှိပါသည်။ လယ်မြေအမျိုးအစားတွင် သဲဆန်ဆောမြေနှင့် နွံနုံးမြေဟူ၍ ၂ မျိုးတွေ့ရှိရပါသည်။ သဲမြေများတွင် ရေမနေသဖြင့် စိုက်ပျိုးရန်အလွန်ခက်ခဲပါသည်။ စိုက်ပြီး ၇ ရက် တစ်ခါရေသွင်း စိုက်ပျိုးကြရပါသည်။ စပါးအသီးစသီးချိန်တွင်လည်း ရွက်ပိုးများကျခြင်းကြောင့် အခက်ကြုံ ကြရသလို အသီးဖြုံခိုချိန်တွင်လည်း ဆစ်ပိုးများ ဖျက်စီးတတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် ပိုင်ဆိုင်သူ ၅ ဦးရှိပြီး ၄ွားရမ်းလုပ်ကိုင်သူဦးရေ ၃၀ ဦးရှိပါသည်။ ခြွေလှေ့စက်ပိုင်ဆိုင်သူ၂ ဦးရှိပြီး ၄ွားရမ်းလုပ်ကိုင်သူ ၃၀ ဦးရှိပါသည် ရေစုပ်စက်ပိုင်ဆိုင်သူ ၄ ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အသီးအနှံအထွက်တိုးစေရန် အခွင့်အလမ်းမရှိသလောင်နည်းပါးပါသည်။ သဘာဝရေမြေရာသီဥတုအနေအထား အရ မိုးခေါင်ရေရှားပါးပါသည်။ လယ်မြေများမှာလည်း မြေမကောင်းသဖြင့် အထွက်နှုန်းလွန်စွာနည်းပြီး စားရုံလောက်သာရရှိပါသည်။

ရာသီဥတုမမှန်ခြင်းကြောင့် လယ်ယာမြေတိုးချဲ့လုပ်ကိုင်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေမရခြင်း သီးနှံမျိုးစေ့လွယ်ကူစွာမရနိုင်ခြင်း မြေဩဇာအလုံအလောက်မရနိုင်ခြင်း အလုပ်သမားအလွယ်တကူမရနိုင်ခြင်း၊ နည်းပညာဆိုင်ရာများမရနိုင်ခြင်း အသိပညာအားနည်းခြင်း ဖျက်ပိုးနှင့် ရောဂါများကြောင့် သီးနှံထွက်နှုန်းလျော့ကျခြင်း များရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ သီးနှံအထွက်နှုန်း လျော့ကျမှုကြောင့် ဝမ်းစာဖူလုံမှုမရှိပါ။ စိုက်ပျိုးရေးအပြင် အခြားလုပ်ကိုင်စားသောက်စရာအလုပ်များမရှိပါ။ စိုက်ပျိုးမြေဆီလွှာအခက်အခဲရှိသဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီရန်လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု ၂၀ ရှိပြီး စုစုပေါင်းကောင်ရေ ၆၀ ရှိပါသည်။ ကွဲမွေးမြူသောအိမ်ထောင်စု ၂၅ အိမ်ရှိပြီး စုစုပေါင်းကောင်ရေ ၈၀ ရှိပါသည်။ ဝက်မွေးမြူသော အိမ်ထောင်စု ၁၅ အိမ်ရှိပြီး ကောင်ရေ ၄၀ ရှိပါသည်။ ကြက်မွေးမြူသောအိမ်ထောင်စု ၅၅ စုရှိပြီး စုစုပေါင်းကောင်ရေ ၈၀၀ အထိရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရန် အခွင့်အလမ်းမရှိပါ။ ကျွဲနွားများကို လယ်ယာလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက်သာ မွေးမြူကြပါသည်။ ကြက်ဝက်များကိုလည်း စားသုံးရန် တပိုင်တနိုင်သာမွေးမြူကြပါသည်။

မွေးမြူရေးအတွက် စားကျက်မြေရှားပါးခြင်း ရေရှားပါးခြင်း၊ မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရရှိနိုင်ခြင်း နည်းပညာဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ မွေးမြူရေးအတွက် နေရာလုံလောက်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။

ကျေးရွာတွင်လုပ်သားအင်အားမရှိခြင်း ၊ လယ်ယာထွက်ကုန်များကို ရောင်းချရန် စျေးကွက်မရှိခြင်း လမ်းပမ်းဆက်သွယ်ရေးမကောင်းခြင်း ကုန်ကြမ်းရရှိမှုနည်းပါးခြင်း၊ လျှပ်စစ်မီးမရရှိခြင်း ၊ ချေးငွေကိုလိုသလောက်မရရှိခြင်း ၊ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု လုံးဝမရခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများရှိပါသည်။ လက်သမားပန်းရံလုပ်သူအနည်းငယ်ရှိသော်လည်း လုပ်ငန်းမတွင်ကျယ်လှပါ။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတတ်မြောက်သူများလည်း ရှားပါးပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများမရှိပါ။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ ကျေးရွာတွင် ကုန်စည်များအတွက် အနီးဆုံးစျေးကွက်အဖြစ် နမ်းခမ်းစျေးသို့သွားရောက်ဝယ်ယူရပါသည်။ ကျေးရွာနှင့် စျေးအကွာအဝေးမှာ ပျမ်းမျှ ၅ မိုင်မှ ၁၀ အတွင်း ရှိပါသည်။ စျေးသို့ ဆိုင်ကယ် ကား ထော်လာကျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရပါသည်။ ကုန်စည် အနေဖြင့် စားသောက်ကုန်ကုန်စိမ်း ကုန်ခြောက် မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေးပစ္စည်းများ ပရိဘောဂများ ရရှိနိုင်ပါသည် စျေးအခြေခံအဆောက်အဦ အသင့်အတင့် ကောင်းမွန်ပြီး ဝန်ဆောင်မှုညံ့ပါသည် ။ အကြီးစားစျေးကွက်အဖြစ် ဝန်းသိုမြို့မစျေးသို့သွားရောက်ဝယ်ယူရပါသည်။ ကျေးရွာနှင့် စျေးအကွာအဝေးမှာ ပျမ်းမျှ ၃၀ မိုင်မှ၅၀ အတွင်း ရှိပါသည်။ စျေးသို့ ဆိုင်ကယ် ကား ထော်လာကျီ သုံးဘီးဆိုင်ကယ်များ နမ်းခမ်းမှ မီးရထားတို့ဖြင့်လည်းကောင်းသွားလာရပါသည်။ ကုန်စည် အနေဖြင့် စားသောက်ကုန်ကုန်စိမ်း ကုန်ခြောက် မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ အဝတ်အထည်များ ဆောက်လုပ်ရေးပစ္စည်းများ ပရိဘောဂများ ပစ္စည်းစုံဝန်ဆောင်မှု ရရှိနိုင်ပါသည် စျေးအခြေခံအဆောက်အဦ အသင့်အတင့် ကောင်းမွန်ပြီး ဝန်ဆောင်မှုအသင့်အတင့်ရှိပါသည် ။

ရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး ၁ စီး မော်တော်ဆိုင်ကယ် ၃၉ စီး သုံးဘီးဆိုင်ကယ် ၃ စီး ထော်လာကျီ ၅ စီး နှင့် နွား လှည်း ၃၃ စီး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းအခြေအနေတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၃ လမှ ၆ လအတွင်း အတိုး ၁ ကျပ် မှ ၂ ကျပ်အထိပေးဆောင်ရပြီး အပေါင်ခံပစ္စည်းလိုအပ်ပါသည်။ သမဝါယမချေးငွေမှ ၃ လမှ ၆ လအတွင်း အတိုး ၁ ကျပ် မှ ၂ ကျပ်အထိပေးဆောင်ရပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေတို့သည် တောင်ကုန်းအုပ်စုတွင်း တောင်ကုန်း လယ်ကျင်း ပန်းတိမ်ကုန်း ပိန္နဲကုန်း စသည့် လေးရွာစလုံး ငွေအကြေဆပ်နိုင်မှသာ နောက်ထပ်ချေးငွေ ထုတ်ချေးပေး ပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာနှင့် အနီးတဝိုက်တွင် ရွှေအနည်းငယ်ထွက်ရှိသော်လည်း အသုံးချရန် ခက်ခဲလှပါသည်။ ရွှေတူးသူအနည်းငယ်ရှိသော်လည်း အဖမ်းအဆီးများသောကြောင့် အသုံးချနိုင်ရန် ခက်ခဲလှပါသည်။ ကျောက်သဲကျောက်စရစ်အနည်းငယ်ရှိသော်လည်း ချောက်ထဲသို့ဆင်းရခြင်း တောင်ကုန်း တောင်တန်းများကို ဖြတ်ကျော်သယ်ယူရခြင်းတို့ကြောင့် ခက်ခဲလှပါသည်။ သဘာဝဆေးဖက်ဝင် အပင်များ အသင့်အတင့်ရှိပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များတွင် ငှက်မျိုးစုံ၊ ယုန်၊ ဂျီ ၊ မြွေဟောက် ၊ ငန်းပုတ်မြွေ၊ ကုန်းလိပ်၊ ရှဉ့်စသဖြင့် အသင့်အတင့် တွေ့ရှိရပါသည်။ ဆေးဖက်ဝင်အပင်များတွင် ဝံအူမြစ် ဆေးခါးကြီးပင် မြောက်လက်ခေါက်ပင်တို့တွေ့ရှိရပါသည်။

စိုက်ပျိုးခင်းများ မိုးခေါင်ရေရှားခြင်းကြောင့် စိုက်ပျိုးရေ မလုံလောက်မှုများရှိပါသည်။ ငှက်ဖျားရောဂါများဖြစ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရာတွင် ကူးစက်ရောဂါများကျရောက်မှုရှိခြင်းတို့ကြောင့် အသိပညာပေးသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျေးရွာတွင် နမ်းခမ်းအထိ လမ်းပမ်း ဆက်သွယ်ရေးမှာလည်း မကောင်းသဖြင့် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာရှိလယ်မြေများ၏ မြေဆီမြေဩဇာအခြေအနေသည် သဲဆန်သောကြောင့် အခက်အခဲများ ရှိပါသည်။ သီးနှံအထွက်နှုန်းနည်းသဖြင့် အန္တရာယ်ရှိမှုမြင့်ရခြင်းဖြစ်ပါသည်။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှုအခြေအနေတွင် ရွက်ပိုးများကျခြင်း ရွက်ဆစ်ပိုးများ ကျခြင်းတို့ကြောင့် အခက်အခဲများရှိပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော နေရာများမရှိသဖြင့် အခက်အခဲများရှိပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ရွာတွင် မူလွန်စာသင်ကျောင်းရှိပါသည်။ ၇တန်းအထိပညာသင်ယူနိုင်ပါသည်။ ယခင်ကကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ကျောင်းဆောင် အလျား ၈၀ ပေ အနံ ၃၀ ပေ အမြင့် ၁၀ ပေရှိသောကျောင်းဆောင်သည် ယခု အမိုးအကာ ကြမ်းခင်းများ ပျက်စီးယိုယွင်း နေပါသည် ။ အသစ်ဆောက်ထား သောကျောင်းဆောင်သည် အလျား ၈၀ ပေ အနံ ၃၀ ပေ အမြင့် ၁၃ ပေရှိပြီး သွပ်မိုး နံကပ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ကျောင်းသားဦးရေ အတန်းအရေအတွက်နှင့် ကျောင်းရုံးခန်းပါ ထည့်သွင်းအသုံးပြုနေရ သောကြောင့် နေရာမလုံလောက်ပါ။ စာသင်ကျောင်း အဟောင်းကို ပြုပြင်ပေးစေလိုပါသည်။ ရွာသားများမှ လည်း ငွေကြေးမတတ်နိုင်သော အခြေအနေဖြစ်နေပါသည်။ ကျောင်းခြံစည်းရိုးလုံခြုံမှုမရှိသဖြင့် ကျောင်းသားများ အတွက်လည်း လုံခြုံမှုမရှိပါ။

ကျေးရွာတွင်ကျောင်းဆရာဆရာမလုံလောက်မှုမရှိပါ။ မူလတန်းကျောင်း ထွက်နှုန်းမရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာမလုံလောက်ခြင်း ဆင်းရဲသောမိသားစုတွင် ကျောင်းစရိတ် အတွက် ငွေကြေးအဆင်မပြေခြင်း များရှိကြောင်းတွေ့ရှိရပါသည်။ ကျောင်းဆရာအင်အား ၅ ဦးရှိပါသည်။ မူလတန်းမှ ၇ တန်းအထိရှိသဖြင့် ကျောင်းသားအင်အားနှင့် ဆရာအင်အားမျှတမှုမရှိပါ။

ကျေးရွာတွင် ရာသီအလိုက် ဝမ်းပျက်ဝမ်းလျောရောဂါ သွေးလွန်တုပ်ကွေးရောဂါ နှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ရွာတွင်းရှိကလေးသူငယ်များကို လစဉ် ကာကွယ်ဆေးထိုးပေးခြင်း ဆေးတိုက်ကျွေးခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ကျန်းမာရေးဌာနမရှိခြင်းကြောင့် ၁ မိုင်ခန့်ကွာဝေးသည့် တောင်ကုန်းကျေးရွာ ကျန်းမာရေးဌာနသို့သွားရောက်ကုသရပါသည်။ တိုက်နယ်ဆေးရုံသည် ၅မိုင်မှ ၇ မိုင်ခန့်ကွာဝေးသော နမ်းခမ်းတွင် တည်ရှိသော်လည်း သွားလာရခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် အိမ်ခြေ ၇ ၄ အိမ်ရှိသော်လည်း ရေတွင်း ၇တွင်းရှိပြီး ရေလုံလောက်မှုမရှိပါ။ မိုးကာလနှင့် ဆောင်းတွင်း ကာလတွင် သာ လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ စိမ့်စမ်းရေသွယ်ယူရန် လျာထားပါသည်။ ရေတွင်းအများစုသည် ကျောက်ဖျာခံနေသဖြင့် နွေရာသီတွင် ရေများခမ်းပါသည်။ ကျောက်ဖျာကို ဖောက်လျှင်တော့ရေထွက်နိုင်ပါသည်။ ကျောက်ဖျာကို ဖောက်ထားသည့်တွင်းလည်းတည်ရှိပါသည်။

ကျေးရွာတွင် အိမ်တိုင်းစေ့ ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ကျောက်ချောလမ်း အဖြစ်အဆင့်မြှင့်တင်ရန် ဆန္ဒရှိပါသည်။ ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးအခါတွင် ရေတိုက်စားခြင်း ရေဝပ်ခြင်း ချိုင့်ခွက်ထခြင်းတို့ကြောင့် သွားလာရခက်ခဲပြီး ကျောက်ချော လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ချင်ပါသည်။ ရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများသည် မိုးအခါတွင် လမ်းချောခြင်းတို့ကြောင့် ယာဉ်အန္တရာယ်များ တွေ့ရတတ်ကြောင့် လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် သစ်သားတံတားလေးစင်းရှိပြီး ဟောင်းနွမ်းဆွေးမြေ့လျက်ရှိပါသည်။ ကျေးရွာမှ သွားလာနိုင်ရန်အတွက် အနည်းငယ်ပြုပြင်၍ သွားလာရပါသည်။ တံတားများအား အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရရှိသေးပါ။ ရွာရှိအိမ်ခြေများအားလုံး လျှပ်စစ်မီးကိုသာ အသုံးပြုရပါသည်။ အသုံးပြုရသော အခြေအနေမှာ အသင့်အတင့်သာကောင်းမွန်ပါသည်။

ကျေးရွာတွင် ဖုန်း ၅၁ လုံး ရေဒီယို ၃ လုံး တီဗွီ ၁၀ လုံး နှင့် ဂြိုလ်တုစလောင်း ၆ လုံး ရှိပါသည်။ ဆိုလာဖုန်းဖြင့် အသုံးပြုရသဖြင့် ရံဖန်ရံခါမှ သာ ကြည့်ရှုရပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ လူငယ်များ ကျေးရွာတွင်ရှိသော လူမှုရေးလုပ်ငန်းများတွင် ကူညီလုပ်ဆောင်မှုရှိခြင်း ဘာသာရေး လုပ်ငန်းများ တွင် ပါဝင်ခြင်းများလေ့လာတွေ့ရှိရပါသည်။ လူငယ်လူပျိုကာလသားအဖွဲ့များသည် ရွာ၏ သာရေးနာရေးများတွင် အားတက်သရော ပါဝင် ကူညီ ဆောင်ရွက် ကြပါသည်။ လူပျိုများသည် မဏ္ဍာပ်များ ဆောက်ခြင်း စားပွဲကုလားထိုင်များသယ်ခြင်း၊ ရေနွေးတည် လက်ဖက်ရည်ကြမ်းလိုက်ခြင်း စသောလိုအပ်သည့်နေရာများတွင် ပါဝင်ကူညီဆောင်ရွက်ကြပါသည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး။ ။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများမရှိပါ။ အော်ဒီဒူးဖုန်းလိုင်းတမျိုးသာ မိပါသည်။ မှုခင်းများကာကွယ်တားဆီးလျော့ချရေးအတွက် ရဲတပ်ဖွဲ့မှ ပညာပေးဟောပြောခြင်းမရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။ ခိုးမှုမရှိပါ။ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိပါ။ အကြမ်းဖက်မှုမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် စိမ့်စမ်းရေ များသွယ်ယူနိုင်ခြင်း၊ ကျေးရွာတွင်းလမ်းများပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန်အတွက် ရွာအနီးမှ ဂျင်းမြေများ လွယ်ကူစွာရရှိနိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ကျေးရွာမှ လုပ်အားများပါဝင်ဆောင်ရွက်နိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါး ပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို

လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံ အဆောက်အဦ	၁။ သောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း	၈၇	၁		
	၂။ ရွာတွင်းလမ်းများကျောက်ခြောခင်းခြင်း	၈၀	၂		
	၃။ ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၇၄	၃		
၂။ ပညာရေး	၄။ ကျောင်းဆောင်ဟောင်းပြန်လည်ပြုပြင်ခြင်း	၇၄	၃		
၃။ စိုက်ပျိုးရေး	၅။ စိုက်ပျိုးရေး မွေးမြူရေး အသိပညာပေး ဟော ပြောပွဲများကျင်းပခြင်း	၈၀	၂		
၄။ လျှပ်စစ်	၆။ ဆိုလာမီးရရှိအောင်ဆောင်ရွက်ခြင်း	၆၄	၄		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစား ပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	သောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း	၁	✓				
၂	ရွာတွင်းလမ်းများကျောက်ချောခင်းခြင်း	၂		✓			
၃	ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၃			✓		
၄	ဆိုလာမီးရရှိအောင်ဆောင်ရွက်ခြင်း	၄				✓	
၅	စိုက်ပျိုးရေး မွေးမြူရေး အသိပညာပေး ဟောပြောပွဲများဆောင်ရွက်ခြင်း	၂		✓			
၆	ကျောင်းဆောင်ဟောင်းပြန်လည်ပြုပြင်ခြင်း	၃			✓		

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံး ငွေရင်း	စွမ်းဆောင် ရည် မြှင့်တင်ရေး	
၁	သောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း			✓		
၂	ရွာတွင်းလမ်းများကျောက်ချောခင်းခြင်း			✓		
၃	ကွန်ကရစ်တံတားတည်ဆောက်ခြင်း					
၄	ဆိုလာမီးရရှိအောင်ဆောင်ရွက်ခြင်း			✓		
၅	စိုက်ပျိုးရေး မွေးမြူရေး အသိပညာပေး ဟောပြောပွဲများဆောင်ရွက်ခြင်း				✓	
၆	ကျောင်းဆောင်ဟောင်းပြန်လည်ပြုပြင်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
